စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းဦးစီးဌာနမှ သုတေသနပြု၍ အခမဲ့ ဖြန့်ဝေပါသည်။

# AGRIBUSINESS BULLETIN



## ရော်ဘာ

Vol (11), Jan, 2024

## (က) ကမ္ဘာ့ရော်ဘာ စိုက်ပျိုးထုတ်လုပ်မှု

၁။ ရော်ဘာသီးနှံမှ နေ့စဉ်နေထိုင်သွားလာရေးတွင် မရှိမဖြစ်လိုအပ်သော လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်ရန်အတွက် အရေးပါသည့် ကုန်ကြမ်းပစ္စည်းများ ရရှိနိုင်သဖြင့် ရော်ဘာသီးနှံသည် ကမ္ဘာ့စီးပွားရေးမဟာဗျူဟာအရ အရေးပါသော နှစ်ရှည်သီးနှံတစ်ခုဖြစ်ပါသည်။ လူမှုစီးပွားဘဝနှင့် နေထိုင်မှုအဆင့်အတန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ရော်ဘာနှင့် ပြုလုပ်ထားသော ကုန်ပစ္စည်းများ၏ လိုအပ်ချက်သည် နေ့စဉ်နှင့်အမျှ တိုးပွားလျက်ရှိသည့်အတွက် ရော်ဘာကုန်ကြမ်း လိုအပ်ချက်သည်လည်း နှစ်စဉ် မြင့်တက်လျက်ရှိပါသည်။ ရော်ဘာတွင် သဘာဝရော်ဘာ (Natural Rubber) နှင့် ဓာတုရော်ဘာ (Synthetic Rubber) ဟူ၍ အရင်းအမြစ် နှစ်မျိုးရှိပါသည်။ သဘာဝရော်ဘာကို စက်မှုလုပ်ငန်းများတွင် (၂၅) ရာခိုင်နှုန်းသာ အသုံးပြုပြီး ဓာတုရော်ဘာများကို အများဆုံး အသုံးပြုကြကြောင်း သိရှိရပါသည်။ နှစ်စဉ် ရော်ဘာကို ကမ္ဘာ့နိုင်ငံပေါင်း (၃၁) နိုင်ငံမှ စိုက်ပျိုးထုတ်လုပ်ပေးလျက်ရှိပြီး ရော်ဘာစေးများကို တာယာထုတ်လုပ်သည့် လုပ်ငန်းများ၊ မီးဖိုချောင်နှင့်အိမ်သုံးကုန်ပစ္စည်း ထုတ်လုပ်သည့် လုပ်ငန်းများစသည့် အကြီးစားစက်မှုလုပ်ငန်းများတွင် အဓိကကုန်ကြမ်းအဖြစ် အသုံးပြု၍ ထုတ်ကုန်အမျိုးမျိုး ထုတ်လုပ်သုံးစွဲလျက်ရှိကြပါသည်။ ၂၀၂၁ ခုနှစ်အတွင်း ကမ္ဘာ့ရော်ဘာ စိုက်ပျိုးထုတ်လုပ်မှု စုစုပေါင်း၏ (၉၁.၂၈) ရာခိုင်နှုန်းခန့်ကို ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ တရုတ်၊ အိန္ဒိယ၊ အိုင်ဗရီကို့စ်၊ မလေးရှား၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့မှ ထုတ်လုပ်ပေးခဲ့ပြီး စင်ကာပူနိုင်ငံမှလွဲ၍ အာဆီယံနိုင်ငံများ၏ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုသည် ကမ္ဘာ့ရော်ဘာ စိုက်ပျိုးထုတ်လုပ်မှုတွင် (၇၇) ရာခိုင်နှုန်းအထိ ပါဝင်နိုင်ခဲ့ပါသည်။ (ပုံ-၁)




ရင်းမြစ်။ FAOstat

ပုံ (၁) ရော်ဘာထုတ်လုပ်မှုအများဆုံးနိုင်ငံများနှင့် အာဆီယံနိုင်ငံ များ၏ ထုတ်လုပ်မှု နှိုင်းယှဉ်ချက်

၂။ ကမ္ဘာ့ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုသည် ၂၀၁၅ ခုနှစ်တွင် အစေးလှီးဧရိယာဟက်တာ (၁၁.၅၃) သန်းမှ ရော်ဘာစေး တန်ချိန် (၁၃.၃၆) သန်း ထုတ်လုပ်နိုင်ခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် အစေးလှီးဧရိယာဟက်တာ (၁၂.၉၃) သန်းမှ ရော်ဘာစေး တန်ချိန် (၁၄.၀၂) သန်းအထိ တိုးမြင့်ထုတ်လုပ်နိုင်ခဲ့ပါသည်။ ကမ္ဘာ့ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုသည် အဆိုပါ (၇) နှစ်အတွင်း တိုးတက်လျက်ရှိနေပြီး ၂၀၁၅ ခုနှစ်ထက် ၂၀၁၆ ခုနှစ် တွင် (၁.၈၉) ရာခိုင်နှုန်း၊ ၂၀၁၇ ခုနှစ်တွင် (၄.၀၈) ရာခိုင်နှုန်း၊ ၂၀၁၈ ခုနှစ်တွင် (၆.၅၃) ရာခိုင်နှုန်း၊ ၂၀၁၉ ခုနှစ်တွင် (၈.၇၉) ရာခိုင်နှုန်း၊ ၂၀၂၀ ခုနှစ်တွင် (၄.၈၅) ရာခိုင်နှုန်းနှင့် ၂၀၂၁ ခုနှစ်တွင် (၄.၉၄) ရာခိုင်နှုန်း အသီးသီး မြင့်တက်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ရော်ဘာစေးထုတ်လုပ်မှုများအရ ၂၀၁၉ ခုနှစ်သည် အခြားသောနှစ်များထက် ပျမ်းမျှအထွက်နှုန်း မြင့်မားခဲ့သဖြင့် အစေး




ရင်းမြစ်။ FAOstat

ပုံ (၂) နှစ်အလိုက်ကမ္ဘာ့ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုအခြေအနေ

လှီးဧရိယာ ဟက်တာ (၁၂.၆၁) သန်းမှ ရော်ဘာစေး တန်ချိန် (၁၄.၅၄) သန်းအထိ ထွက်ရှိခဲ့သည့်အတွက် (၇) နှစ်တာကာလအတွင်း ရော်ဘာစေး အမြင့်ဆုံး ထုတ်လုပ်နိုင်ခဲ့ပါသည်။ ၂၀၂၀ နှင့် ၂၀၂၁ ခုနှစ်များတွင်မူ ပျမ်းမျှအထွက်နှုန်း အနည်းငယ် ကျဆင်းမှုကြောင့် အစေးလှီးဧရိယာမှာ ယခင်နှစ်များထက် ပိုမိုများပြားခဲ့သော်လည်း ၂၀၁၉ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ထုတ်လုပ်မှုပမာဏ လျော့နည်းခဲ့ပါသည်။ (ပုံ-၂)

၃။ ကမ္ဘာ့ရော်ဘာ စိုက်ပျိုးထုတ်လုပ်မှုတွင် အာဆီယံနိုင်ငံများမှ ထိုင်းနိုင်ငံသည် စုစုပေါင်းထုတ်လုပ်မှု၏ (၃၃.၁၂) ရာခိုင်နှုန်းခန့်ကို ထုတ်လုပ်နိုင်ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာ့ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုတွင် (၂၂.၂၆) ရာခိုင်နှုန်းဖြင့် ဒုတိယထုတ်လုပ်မှု အများဆုံးနိုင်ငံအဖြစ် လည်းကောင်း၊ ဗီယက်နမ်နိုင်ငံသည် (၉.၀၇) ရာခိုင်နှုန်းဖြင့် တတိယထုတ်လုပ်မှု အများဆုံးနိုင်ငံအဖြစ်လည်းကောင်း အသီးသီး ရပ်တည်နိုင်ခဲ့ပါသည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သည်လည်း စုစုပေါင်းထုတ်လုပ်မှု၏ (၅.၃၄) ရာခိုင်နှုန်းစီ အသီးသီး ရှိခဲ့သည့်အတွက် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု အများဆုံးနိုင်ငံများတွင် ပါဝင်ခဲ့ပါသည်။ မြန်မာနိုင်ငံသည်လည်း ၂၀၂၁ ခုနှစ်တွင် ရော်ဘာစေး (၂၅၉,၅၀၀) မက်ထရစ်တန် ထုတ်လုပ်နိုင်ခဲ့သည့်အတွက် ကမ္ဘာ့ရော်ဘာ စိုက်ပျိုးထုတ်လုပ်မှု အများဆုံးနိုင်ငံများစာရင်းတွင် ပါဝင်ခဲ့ပါသည်။ (ပုံ-၃)




ရင်းမြစ်။ FAOstat

ပုံ (၃) ၂၀၂၁ ခုနှစ်အတွင်း ကမ္ဘာ့ရော်ဘာ ထုတ်လုပ်မှု အများဆုံး နိုင်ငံများ

## (ခ) ကမ္ဘာ့ရော်ဘာ အသုံးပြုမှုနှင့် သုံးစွဲမှု

၄။ ကမ္ဘာတစ်ဝှမ်း ရော်ဘာသုံးစွဲမှုသည် ကမ္ဘာ့ GDP တိုးတက်ပြောင်းလဲလာခြင်းနှင့်အညီ ၁၉၉၃ ခုနှစ်မှ ၂၀၀၃ ခုနှစ်ကြားကာလအတွင်း နှစ်စဉ် (၃.၅) ရာခိုင်နှုန်းမှ (၄) ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပါသည်။ မော်တော်ကားနှင့် အခြားလူစီးယာဉ်များ ထုတ်လုပ်သုံးစွဲမှု မြင့်မားလာခြင်းကြောင့် နောင်နှစ်အနည်းငယ်အတွင်း ရော်ဘာလိုအပ်ချက်နှင့် ရော်ဘာသုံးစွဲမှု ပိုမိုများပြားလာနိုင်ကြောင်း Industrial Rubber Goods မှ ခန့်မှန်းထားခဲ့ပါသည်။ တာယာမဟုတ်သည့် အခြားကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းအတွက် ရော်ဘာသုံးစွဲမှုသည် (၅၂) ရာခိုင်နှုန်းမှ (၅၄) ရာခိုင်နှုန်းအထိရှိနေပြီး ၎င်းတွင် မော်တော်ယာဉ်သုံးပစ္စည်းများ ထုတ်လုပ်ခြင်း (ဥပမာ ထိုင်ခုံခါးပတ်များ၊ ကားများတွင် အသုံးပြုသည့်ပိုက်များ၊ Gasket များ၊ ပုံသွင်းခွက်များထုတ်လုပ်ခြင်း စသည်)၊ ကော်များ၊ ပတ္တာကြိုးများ၊ ဝါယာကြိုးအကာများထုတ်လုပ်ခြင်း၊ ကလေးကစားစရာပစ္စည်းများ ထုတ်လုပ်ခြင်း၊ တံခါးကျီးပေါင်ပြုလုပ်ရာတွင် အသုံးပြုခြင်း၊ အိမ်ခေါင်မိုးမိုးရာတွင် အသုံးပြုသည့် ရော်ဘာအပြားများထုတ်လုပ်ခြင်း စသည်တို့ ပါဝင်ပါသည်။

၅။ သဘာဝရော်ဘာသည် ဓာတုရော်ဘာထက် အကြမ်းပိုခံပြီး ရေစိုဒဏ်လည်း သိသိသာသာ ခံနိုင်ရည်ရှိသည့်အပြင် ချုံ့ဆွဲအားလည်း ပိုမိုကောင်းမွန်သည့်အတွက် ၎င်းကို အရှေ့တောင်အာရှနိုင်ငံများတွင် အများအပြား စိုက်ပျိုးထုတ်လုပ်ကြပြီး အဓိကထုတ်လုပ်သည့်နိုင်ငံများမှာ မလေးရှား၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့ ဖြစ်ကြပါသည်။ ရော်ဘာအရင်းအမြစ်နှစ်မျိုးကို ယေဘုယျအားဖြင့် ပိုင်းခြားပါက သဘာဝရော်ဘာသည် (၄၀) ရာခိုင်နှုန်းခန့်ရှိပြီး ဓာတုရော်ဘာသည် (၆၀) ရာခိုင်နှုန်းခန့် ရှိပါသည်။ အရည်အသွေး ကွာခြားချက်ပေါ်မူတည်၍ ဈေးကွက်အတွင်း သဘာဝရော်ဘာ ဝယ်လိုအားသည် ဓာတုရော်ဘာထက် ပိုမိုမြင့်မားနေပြီး အရည်အသွေးပိုမိုကောင်းမွန်ခြင်းကြောင့် အဓိကအားဖြင့် ဆေးရုံသုံးလက်အိတ်နှင့် ခန်းစီးလိုက်ကာများ၊ သွားဆက်ခြားပစ္စည်းများ၊ ဖိနပ်အောက်ခံပြားများ၊ ကလေးနို့ဘူးခေါင်းများ၊ သားရေကြိုးများ၊ ကော်ဇောအောက်ခံအပြားများ၊ တာယာများ

စသည်တို့တွင် အများအပြား အသုံးပြုလေ့ရှိကြပါသည်။ သဘာဝရော်ဘာတွင် အမျိုးအစား သုံးမျိုးရှိပြီး ၎င်းတို့မှာ TSR (Technically Specified Rubber)၊ RSS (Ribbed Smoke Sheet) နှင့် Latex တို့ ဖြစ်ကြပါသည်။ TSR ရော်ဘာကို STR (Standard Thai Rubber)၊ SIR (Standard Indonesia Rubber) နှင့် SMR (Standard Malaysia Rubber) ဟူ၍ ထပ်မံခွဲခြားနိုင်ပြီး အဆိုပါ ရော်ဘာများသည် ဈေးကွက်အတွင်း အရည်အသွေးကောင်းမွန်သဖြင့် လူကြိုက်များပြီး ဝယ်လိုအားမြင့်မားပါသည်။ RSS ရော်ဘာများကိုမူ အဆင့် (၅) ဆင့် ခွဲခြားထားပြီး အရည်အသွေးပေါ်မူတည်၍ RSS-1, RSS-2, RSS-3, RSS-4 နှင့် RSS-5 ဟူ၍ ခွဲခြားနိုင်ပါသည်။

၆။ ၂၀၁၅ မှ ၂၀၂၂ ခုနှစ်အတွင်း သဘာဝရော်ဘာ သုံးစွဲမှု အမြင့်မားဆုံးနိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး ၂၀၂၂ ခုနှစ်တွင် သဘာဝရော်ဘာ မက်ထရစ်တန်ချိန် (၅.၇၁) သန်းခန့် သုံးစွဲခဲ့သဖြင့် အဆိုပါ (၈) နှစ်အတွင်း သုံးစွဲမှု အမြင့်ဆုံးဖြစ်ခဲ့ပါသည်။ နှစ်စဉ် ရော်ဘာသုံးစွဲမှုသည် မြင့်တက်လျက်ရှိနေပြီး အခြားသုံးစွဲမှု မြင့်မားသော နိုင်ငံများမှာ အိန္ဒိယ၊ အမေရိကန်၊ ထိုင်း၊ ဂျပန်၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဘရာဇီးလ်နိုင်ငံတို့ ဖြစ်ကြပါသည်။ မလေးရှားနှင့် ဘရာဇီးလ်နိုင်ငံမှလွဲ၍ အခြားနိုင်ငံများသည် ယခင်နှစ် များထက် ၂၀၂၂ ခုနှစ်အတွင်း သုံးစွဲမှု ပိုမိုမြင့်တက်ခဲ့ပြီး အိန္ဒိယနိုင်ငံသည် မက်ထရစ်တန်ချိန် (၁.၃၃) သန်း၊ အမေရိကန်နိုင်ငံသည် မက်ထရစ်တန်ချိန် (၁) သန်း၊ ထိုင်းနိုင်ငံသည် (၀.၉၆) သန်း၊ ဂျပန်နိုင်ငံသည် မက်ထရစ် တန်ချိန် (၀.၆၈) သန်း၊ အင်ဒိုနီးရှားနိုင်ငံသည် မက်ထရစ်တန်ချိန် (၀.၆) သန်း အသီးသီး သုံးစွဲခဲ့ကြပါသည်။ (ပုံ-၄)




ရင်းမြစ်။ Statista

**ပုံ (၄) နှစ်အလိုက် သဘာဝရော်ဘာ သုံးစွဲမှု အခြေအနေ**

## (ဂ) ကမ္ဘာ့ရော်ဘာ ဈေးကွက်အလားအလာများ

၇။ ကမ္ဘာ့မော်တော်ယာဉ်လုပ်ငန်းများ ပိုမိုအားကောင်းလာခြင်းကြောင့် OEM (Original Equipment Manufacturer) တာယာဝယ်လိုအားများ မြင့်မားလာသည်နှင့်အမျှ ကမ္ဘာ့တာယာဝယ်လိုအားသည် နှစ်စဉ် (၂.၆) ရာခိုင်နှုန်း တိုးတက်နိုင်ကြောင်း Industrials Rubber Goods က ခန့်မှန်းထားပါသည်။ ကမ္ဘာ့စက်မှုရော်ဘာထုတ်ကုန်ဝယ်လိုအားသည် နှစ်စဉ် (၄.၃) ရာခိုင်နှုန်း မြင့်တက်နေပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခြင်း၊ နိုင်ငံသားများ၏ ဝင်ငွေမြင့်တက်လာခြင်း၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်နေခြင်း စသည့်အချက်များကြောင့် အဆိုပါဒေသများတွင် ဈေးကွက်တိုးတက်မှုနှင့် ဝယ်လိုအား မြင့်မားလာနိုင်ပါသည်။ စက်မှုသုံးယန္တရားများနှင့် ကိရိယာတန်ဆာပလာများ၊ လမ်းကြမ်းသုံးမော်တော်ယာဉ်များစသည်တို့ကို ထုတ်လုပ်သည့်စက်မှုလုပ်ငန်းသုံး စက်ကိရိယာပစ္စည်းဈေးကွက်သည် ကမ္ဘာ့ရော်ဘာဈေးကွက်ကို လွှမ်းမိုးထားပြီး ဝယ်လိုအား အခိုင်အမာရှိနေပါသည်။ ယင်းကဲ့သို့ ရော်ဘာထုတ်ကုန်ပစ္စည်းများ ဝယ်လိုအား မြင့်မားနေခြင်းကြောင့် ရော်ဘာကုန်ကြမ်း ဝယ်လိုအားသည် ပိုမိုမြင့်တက်လာနိုင်ဖွယ်ရှိနေပါသည်။

၈။ သဘာဝရော်ဘာဈေးနှုန်းများသည် အာရှပစိဖိတ်ဒေသများတွင် ဈေးနှုန်းအတက်အကျ ဖြစ်ပေါ်နေပြီး စက်မှုလုပ်ငန်းသုံး ပစ္စည်းများ၊ ကားတာယာများနှင့် မော်တော်ယာဉ်များ၏ ဝယ်လိုအားမြင့်မားလာခြင်းကြောင့် TSR သဘာဝရော်ဘာများ၏ ဝယ်လိုအားသည် ဆက်လက်မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း Chemanalyst က ခန့်မှန်းထားပါသည်။ သို့သော်လည်း ကမ္ဘာ့သဘာဝရော်ဘာဈေးနှုန်းများသည် ၂၀၂၃ မေလလယ်မှ ဇွန်လအတွင်း ဈေးနှုန်းကျဆင်းခဲ့ပြီး ရော်ဘာကို အဓိက စိုက်ပျိုးထုတ်လုပ်

တင်ပို့နေသော နိုင်ငံများဖြစ်သည့် မလေးရှားနှင့် ထိုင်းနိုင်ငံတို့တွင်လည်း ဈေးနှုန်းများ ကျဆင်းခဲ့ပါသည်။ မလေးရှားနှင့် ထိုင်းနိုင်ငံတို့သည် TSR သဘာဝရော်ဘာများကို အမြောက်အများ ထုတ်လုပ်နေပြီး ၂၀၂၃ ခုနှစ်၊ ပထမလေးလပတ်အတွင်း ထိုင်းနိုင်ငံတစ်နိုင်ငံတည်းမှပင် ကမ္ဘာ့ဈေးကွက်သို့ သဘာဝရော်ဘာ တန်ချိန် (၁.၆) သန်း တင်ပို့နိုင်ခဲ့ပါသည်။ ထို့ကြောင့် ဈေးကွက်အတွင်း သဘာဝရော်ဘာ ကုန်ကြမ်းများ ပိုလျှံလျက်ရှိနေသည့်အတွက် ဈေးနှုန်းများ ဆက်တိုက်ကျဆင်းနေခြင်းဖြစ်ပါသည်။ အဓိကအားဖြင့် သဘာဝရော်ဘာများကို မြောက်အမေရိကဈေးကွက်သို့ တင်ပို့ကြပြီး အမေရိကန်၊ ထိုင်းနှင့် မလေးရှားနိုင်ငံတို့မှ အများဆုံး တင်ပို့ကြပါသည်။

၉။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၂၀၂၁ ခုနှစ်တွင် ကမ္ဘာ့ရော်ဘာဈေးကွက်တန်ဖိုးသည် အမေရိကန်ဒေါ်လာ (၄၆.၆၁) ဘီလီယံသာရှိခဲ့သော်လည်း ကြိုတင်ခန့်မှန်းချက်များအရ ၂၀၂၂ ခုနှစ်မှ ၂၀၂၈ ခုနှစ်အတွင်း (၈) ရာခိုင်နှုန်း တိုးတက်လာပြီး ၂၀၂၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၈၀.၃၈) ဘီလီယံအထိ ရောက်ရှိနိုင်ကြောင်း Precision Reports က ခန့်မှန်းထားပါသည်။ ၂၀၂၂ ခုနှစ်၌ ကမ္ဘာ့သဘာဝရော်ဘာဈေးကွက်သည် မက်ထရစ်တန်ချိန် (၁၄.၄) သန်းခန့်ရှိခဲ့ပြီး ၂၀၃၂ ခုနှစ်မတိုင်ခင်အထိ တိုးတက်မှုနှုန်း (၄.၂) ရာခိုင်နှုန်းရှိနိုင်ကြောင်း Chemanalyst က ခန့်မှန်းထားခဲ့ပါသည်။ တာယာထုတ်လုပ်သည့်လုပ်ငန်းများတွင် သဘာဝရော်ဘာဝယ်လိုအားသည် မြင့်တက်လျက်ရှိသည့်အတွက် လာမည့်နှစ်အနည်းငယ်တွင် ဝယ်လိုအား ပိုမိုမြင့်တက်လာနိုင်ကြောင်း ခန့်မှန်းထားကြပါသည်။ ထို့အပြင် သဘာဝရော်ဘာ၏ ရုပ်ဂုဏ်သတ္တိများကြောင့် ဖိနပ်အောက်ခံနင်းပြားထုတ်လုပ်သည့်လုပ်ငန်းများတွင်လည်း အသုံးပြုမှု ပိုမိုများပြားလာပြီး ဝယ်လိုအားလည်း ပိုမိုမြင့်တက်လျက်ရှိပါသည်။ ထို့ကြောင့် ကမ္ဘာ့ သဘာဝရော်ဘာဈေးကွက်သည် ၂၀၃၂ ခုနှစ်တွင် မက်ထရစ်တန်ချိန် (၂၁.၇) သန်းအထိ ရောက်ရှိနိုင်ကြောင်း ခန့်မှန်းထားကြခြင်းဖြစ်ပါသည်။ လာမည့်နှစ်အနည်းငယ်အတွင်း မလေးရှား၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့ကဲ့သို့ပင် ဗီယက်နမ်နိုင်ငံသည် အာရှပစိဖိတ်ဒေသအတွင်း သဘာဝရော်ဘာ အဓိက ထုတ်လုပ်ပေးနိုင်သည့် အလားအလာရှိသော နိုင်ငံတစ်နိုင်ငံ ဖြစ်လာနိုင်ကြောင်း ခန့်မှန်းထားကြပါသည်။

၁၀။ ၂၀၂၂ ခုနှစ်အတွင်း ရော်ဘာဈေးကွက်၏ (၆၀) ရာခိုင်နှုန်းခန့်ကို တာယာထုတ်လုပ်ခြင်းမှ လွှမ်းမိုးထားပြီး နောင်နှစ်အနည်းငယ်တွင်လည်း ဆက်လက်၍ လွှမ်းမိုးနိုင်ချေရှိကြောင်း ကြိုတင်ခန့်မှန်းထားကြပါသည်။ ကမ္ဘာ့ရော်ဘာဈေးကွက်၏ အဓိက လွှမ်းမိုးမှုရှိသော ကုမ္ပဏီများမှာ Von Bundit Co.Ltd, Southland Rubber Company Limited, Thai Hua Rubber Public Company Limited, Vietnam Rubber Co. Ltd, Sinochem Group, Apcotex Industries Limited, Halcyon Agri Corporation Limited, Bridgestone Corporation, Michelin Group, Sri Trang Agro-Industry Pic နှင့် Thai Rubber Latex Group Public Company Limited တို့ ဖြစ်ကြပါသည်။ အဆိုပါ ကုမ္ပဏီများကြောင့် ရော်ဘာဈေးကွက်သည် တည်ငြိမ်စွာဖြင့် တိုးတက်လျက်ရှိနေပြီး ၂၀၂၃ ခုနှစ်မှ ၂၀၃၁ ခုနှစ်အတွင်း သိသိသာသာ တိုးတက်လာနိုင်ချေရှိကြောင်း ခန့်မှန်းထား ကြပါသည်။

၁၁။ သဘာဝရော်ဘာ အဓိက ထုတ်လုပ်သည့်နိုင်ငံများတွင် မုတ်သုံရာသီအတွင်း ပထဝီဝင်နိုင်ငံရေးအခြေအနေ တင်းမာမှုများနှင့် ဆိုးရွားသောရာသီဥတုအခြေအနေများကြောင့် ရော်ဘာဈေးကွက်ကို သက်ရောက်မှုများ ရှိနိုင်ပြီး အထူးသဖြင့် ထိုင်းနိုင်ငံတွင် မိုးရွာသွန်းမှုများပြားပြီး ရုတ်တရက်ရေကြီးခြင်းနှင့် သစ်တောများပြုန်းတီးခြင်းများကြောင့် ရော်ဘာထုတ်လုပ်မှုအပေါ် ဆိုးရွားစွာ သက်ရောက်မှုရှိခဲ့ပါသည်။ အဆိုပါအချက်များကြောင့် ရော်ဘာဈေးသည် ယခုကာလအတွင်း တစ်ကီလိုလျှင် (၁.၃) အမေရိကန်ဒေါ်လာအထက်သို့ ပြန်လည် မြင့်တက်သွားခဲ့ပါသည်။

## (ဃ) ကမ္ဘာ့ရော်ဘာ ကုန်သွယ်မှုနှင့် ဈေးနှုန်းများ

၁၂။ ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာ့ရော်ဘာဈေးနှုန်းများမှာ အမျိုးအစားပေါ်မူတည်၍ အတက်အကျ ဖြစ်ပေါ်လျက်ရှိနေပြီး ပုံမှန်လများထက် ဩဂုတ်လတွင် ဈေးနှုန်းသိသိသာသာ လျော့နည်းကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။ ကမ္ဘာ့ဈေးကွက်အတွင်း အိန္ဒိယ RSS-4 ရော်ဘာအမျိုးအစားသည် ၂၀၂၃ ခုနှစ် အစောပိုင်းကာလများတွင် (၁၀၀) ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ (၁၇၁.၂၆) သာ ရရှိခဲ့ရာမှ မေလတွင် အမေရိကန်ဒေါ်လာ (၁၉၂.၁၆) အထိ ဈေးအမြင့်ဆုံး ရရှိခဲ့ပြီး ထိုင်း RSS-3 ရော်ဘာအမျိုးအစားသည် ၂၀၂၃ ခုနှစ် နှစ်အစပိုင်းတွင် ဈေးနှုန်းမြင့်တက်ခဲ့သော်လည်း ဇွန်လမှ စတင်ကာ ဈေးနှုန်း တဖြည်းဖြည်း ကျဆင်းခဲ့ပြီး ဩဂုတ်လတွင် အမေရိကန်ဒေါ်လာ (၁၅၅.၁၄) အထိ ရောက်ရှိခဲ့ပါသည်။ ၂၀၂၃ ခုနှစ်အတွင်း မလေးရှားနိုင်ငံမှ ရော်ဘာစိမ်းများသည် (၁၀၀) ကီလိုလျှင် အမေရိကန်ဒေါ်လာ (၁၂၅.၇၃) ဖြင့် ဖေဖော်ဝါရီလတွင် ဈေးနှုန်း အမြင့်ဆုံးရရှိခဲ့ပြီး ထိုင်းနိုင်ငံမှ STR 20 ရော်ဘာတုံးများသည် (၁၀၀) ကီလိုလျှင် အမေရိကန်ဒေါ်လာ (၁၅၆.၆၈) ဖြင့် ဒီဇင်ဘာလတွင် ဈေးအမြင့်ဆုံး ရရှိခဲ့ပါသည်။ ထို့အတူ မလေးရှားနိုင်ငံမှ SMR 20 ရော်ဘာများသည် (၁၀၀) ကီလိုလျှင် အမေရိကန်ဒေါ်လာ (၁၄၈.၄၁) နှုန်းဖြင့် နိုဝင်ဘာလအတွင်း တန်ဖိုးအမြင့်ဆုံး ဖြစ်ခဲ့ပြီး ဒီဇင်ဘာလတွင် အနည်းငယ် ပြန်လည် ကျဆင်းခဲ့ပါသည်။ (ပုံ-၅)




ရင်းမြစ်။ (ANRPC)

ပုံ (၅) ၂၀၂၃ ခုနှစ်အတွင်း ရော်ဘာအမျိုးအစားအလိုက် ဈေးနှုန်းများ

၁၃။ သဘာဝရော်ဘာစေး ကုန်သွယ်မှုအတွက် သတ်မှတ်ထားသော HS code မှာ ၄၀၀၁၁၀ ဖြစ်ပြီး ကုန်စည်အမည် ဖော်ပြချက်မှာ Rubber; natural rubber latex, whether or not pre-vulcanized, in primary forms or in plates, sheets or strip ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်အတွင်း ကမ္ဘာ့ရော်ဘာဈေးကွက်သို့ နိုင်ငံပေါင်း (၇၉) နိုင်ငံမှ သဘာဝရော်ဘာ မက်ထရစ်တန်ချိန် (၁.၉၁) သန်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၂.၂၉) ဘီလီယံဖိုး တင်ပို့ခဲ့ကြပါသည်။ ထို့အတူ အဆိုပါနှစ်အတွင်း ရော်ဘာတင်သွင်းခဲ့သော နိုင်ငံပေါင်း (၁၃၃) နိုင်ငံရှိခဲ့ပြီး ရော်ဘာမက်ထရစ်တန်ချိန် (၁.၃၃) သန်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၂.၂၇) ဘီလီယံဖိုး ဝယ်ယူတင်သွင်းခဲ့ကြပါသည်။ ၂၀၁၇ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း သဘာဝရော်ဘာစေး တင်ပို့မှု အနည်းဆုံးနှစ်မှာ ၂၀၁၉ ခုနှစ်ဖြစ်ပြီး မက်ထရစ်တန်ချိန် (၁.၆၄) သန်း၊ အမေရိကန်ဒေါ်လာ (၁.၇) ဘီလီယံဖိုးသာ တင်ပို့နိုင်ခဲ့ပါသည်။ ၂၀၂၂ ခုနှစ်သည် အခြားနှစ်များထက် ပမာဏ မြင့်မားစွာ တင်ပို့နိုင်ခဲ့သော်လည်း ၎င်းမှ အမေရိကန်ဒေါ်လာ (၂.၂၉) ဘီလီယံသာ ပြန်လည်ရရှိခဲ့ပါသည်။ သို့သော် ၂၀၂၁ ခုနှစ်တွင် မက်ထရစ်တန်ချိန် (၁.၈) သန်း







ရင်းမြစ်။ (WITS, World Bank)

ပုံ (၆) နှစ်အလိုက် ကမ္ဘာ့ ရော်ဘာ တင်ပို့၊ တင်သွင်းမှုအခြေအနေ

သာ တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ (၂.၃၂) ဘီလီယံ အထိ ရရှိခဲ့သည့်အတွက် အကျိုးအမြတ်ရရှိမှု အမြင့်ဆုံးနှစ် ဖြစ်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း တင်ပို့ခဲ့သော ရော်ဘာတန်ချိန်သည် တင်သွင်းမှု ပမာဏထက် သိသိသာသာ ပိုမိုမြင့်မားခဲ့သော်လည်း တန်ဖိုးအားဖြင့် တင်သွင်းမှုသည် ပိုမိုသာလွန်ခဲ့ပါသည်။ (ပုံ-၆)




ရင်းမြစ်။ (WITS, World Bank)

**ပုံ (၇) နှစ်အလိုက် ကမ္ဘာ့ရော်ဘာ တင်ပို့၊ တင်သွင်းမှု အခြေအနေ**

၁၄။ သဘာဝရော်ဘာ ကုန်သွယ်သွယ်မှုတွင် technically specified rubber (TSR) အမျိုးအစား ရော်ဘာကုန်သွယ်မှုအတွက် သတ်မှတ်ထားသော HS code မှာ ၄၀၀၁၂၂ ဖြစ်ပြီး ကုန်စည်အမည် ဖော်ပြချက်မှာ Rubber; technically specified natural rubber (TSNR), in primary forms or in plates, sheets or strip (excluding latex and smoked sheets) ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်အတွင်း TSR ရော်ဘာ တင်ပို့မှု စုစုပေါင်းသည် မက်ထရစ်တန်ချိန် (၆.၃၂) သန်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၁၀.၆၆) ဘီလီယံ ရှိခဲ့ပြီး တင်ပို့သော နိုင်ငံပေါင်း (၆၆) နိုင်ငံရှိခဲ့ပါသည်။ တင်သွင်းမှုအနေဖြင့် အဆိုပါနှစ်တွင် မက်ထရစ်တန်ချိန် (၇.၂၁) သန်း၊ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ (၁၄.၈၄) ဘီလီယံ ရှိခဲ့ပြီး တင်သွင်းခဲ့သော နိုင်ငံပေါင်း (၁၀၂) နိုင်ငံရှိခဲ့ပါသည်။ TSR ရော်ဘာ တင်ပို့မှုတွင် ၂၀၂၁ ခုနှစ်သည် မက်ထရစ်တန်ချိန် (၆.၆၂) သန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ (၁၁.၂၁) ဘီလီယံ တင်ပို့နိုင်ခဲ့သဖြင့် ၂၀၁၇ ခုနှစ် မှ ၂၀၂၂ ခုနှစ်အတွင်း တင်ပို့မှု အများဆုံးဖြစ်ခဲ့ပါသည်။ တင်သွင်းမှုအနေဖြင့် ၂၀၂၂ ခုနှစ်သည် မက်ထရစ်တန်ချိန် (၇.၂၁) သန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ (၁၄.၈၄) ဘီလီယံ တင်သွင်းခဲ့သဖြင့် အဆိုပါ (၆) နှစ်အတွင်း တင်သွင်းမှု အများဆုံးဖြစ်ခဲ့ပါသည်။ TSR ရော်ဘာတင်ပို့မှုသည် တင်သွင်းမှုထက် တန်ချိန်ပမာဏ ပိုမိုများပြားသော်လည်း တင်သွင်းမှုမှရရှိသော အကျိုးအမြတ်သည် ပိုမိုမြင့်မားကြောင်း တွေ့ရှိရပါသည်။ (ပုံ-၇)

၁၅။ ၂၀၂၂ ခုနှစ်အတွင်း TSR ရော်ဘာ တင်ပို့မှု အများဆုံးနိုင်ငံများမှာ အင်ဒိုနီးရှား၊ ထိုင်း၊ အိုက်ဗရီကိုစ့်၊ မလေးရှား၊ ဗီယက်နမ်၊ ဘယ်လ်ဂျီယံ၊ စင်ကာပူ၊ ဂျာမနီ၊ ဂွာတီမာလာနှင့် ဖိလစ်ပိုင်နိုင်ငံတို့ ဖြစ်ကြပါသည်။ အဆိုပါ (၁၀) နိုင်ငံ၏ တင်ပို့မှုသည် ကမ္ဘာ့ TSR ရော်ဘာတင်ပို့မှု တန်ချိန် စုစုပေါင်း၏ (၉၆.၅၃) ရာခိုင်နှုန်းအထိ ရှိခဲ့ပြီး အဆိုပါ နိုင်ငံများအနက် အာဆီယံနိုင်ငံ (၆) နိုင်ငံအထိ ပါဝင်ခဲ့ပါသည်။ စင်ကာပူနိုင်ငံသည် ရော်ဘာ စိုက်ပျိုးထုတ်လုပ်မှု နည်းပါးသော်လည်း အဓိကအားဖြင့် မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ ရော်ဘာတင်




ရင်းမြစ်။ (WIT, World Bank)

**ပုံ (၈) ၂၀၂၂ ခုနှစ်၏ TSR ရော်ဘာ တင်ပို့၊ တင်သွင်းမှု အခြေအနေ**

သွင်းကာ ပြန်လည်တင်ပို့သည့်အတွက် ယခုကဲ့သို့ ရော်ဘာတင်ပို့မှု အများဆုံးနိုင်ငံများတွင် ပါဝင်နေခြင်း ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်၏ TSR ရော်ဘာတင်သွင်းမှု အများဆုံးနိုင်ငံများမှာ တရုတ်၊ ဥရောပသမဂ္ဂနိုင်ငံများ၊ အမေရိကန်၊ ဂျပန်၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ ဗီယက်နမ်၊ တူရကီ၊ ဂျာမနီနှင့် ဘရာဇီးနိုင်ငံတို့ ဖြစ်ကြပါသည်။ အဆိုပါနိုင်ငံများသည် မော်တော်ယာဉ်နှင့် တာယာထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နေခြင်းကြောင့် TSR ရော်ဘာ ကုန်ကြမ်းလိုအပ်မှုပမာဏ မြင့်မားလျက်ရှိနေပြီး ယခုကဲ့သို့ တင်သွင်းမှု မြင့်မားနေခြင်း ဖြစ်ပါသည်။ (ပုံ-၈)

## (င) မြန်မာ့ရော်ဘာ စိုက်ပျိုးထုတ်လုပ်မှုနှင့် သုံးစွဲမှု

၁၆။ ရော်ဘာသည် စီးပွားရေးအရ အရေးပါသည့် သီးနှံတစ်ခုဖြစ်သဖြင့် မြန်မာနိုင်ငံ၏ ပို့ကုန်မဟာဗျူဟာတွင် စတုတ္ထမြောက်အရေးပါသော သီးနှံတစ်ခု အဖြစ်သတ်မှတ်ထားပါသည်။ မြန်မာနိုင်ငံသည် ရော်ဘာ စိုက်ပျိုးထုတ်လုပ်သော နိုင်ငံများစွာအနက် စီးပွားဖြစ်အနေဖြင့် အစောဆုံး စိုက်ပျိုးထုတ်လုပ်ခဲ့သည့် နိုင်ငံ တစ်နိုင်ငံဖြစ်ပြီး စီးပွားဖြစ် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုကို ၁၉၀၉ ခုနှစ်တွင် ဧကပေါင်း (၉,၉၀၀) ဖြင့် စတင်ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ရော်ဘာ စိုက်ဧက (၁.၆၂၉) သန်း၊ အစေးလှီးဧက (၈.၁၄၇) သိန်းမှ ရော်ဘာစေး ပေါင်ချိန် (၆၁၇.၀၆၉) သန်းထုတ်လုပ်နိုင်ခဲ့ပြီး ပျမ်းမျှ အထွက်နှုန်းမှာ တစ်ဧကလျှင် အစေး (၇၅၇) ပေါင် ဖြစ်ပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ရော်ဘာ စိုက်ပျိုးထုတ်လုပ်မှုအရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်သည် စိုက်ပျိုးထုတ်လုပ်မှု အများဆုံးနှစ်ဖြစ်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ထက် (၁၂.၈၁) ရာခိုင်နှုန်းအထိ ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။ အဆိုပါနှစ်တွင် ရော်ဘာ စိုက်ဧက (၁.၆၃၇) သန်း၊ အစေးလှီး ဧက (၉.၇၁၉) သိန်းမှ




ရင်းမြစ်။ (DALMS, MOALI)

**ပုံ (၉) ဘဏ္ဍာနှစ်အလိုက် မြန်မာနိုင်ငံ၏ ရော်ဘာ (TSR) စိုက်ပျိုးထုတ်လုပ်မှု အခြေအနေ**

ရော်ဘာအစေး ပေါင်ချိန် (၆၉၆.၁၀၈) သန်းအထိ ထုတ်လုပ်နိုင်ခဲ့သည့်အပြင် ပျမ်းမျှအထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ရော်ဘာစေး (၇၁၆) ပေါင် ထွက်ရှိခဲ့ပါသည်။ ရော်ဘာစေးထွက်ရှိမှု အနည်းဆုံးနှစ်မှာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ဖြစ်ပြီး အဆိုပါနှစ်အတွင်း အစေးလှီး ဧရိယာမှာ (၈.၃၅၅) သိန်းရှိခဲ့သော်လည်း အထွက်နှုန်းမှာ (၇၁၀) ပေါင်သာ ရှိခဲ့သည့်အတွက် ထွက်ရှိမှုအနည်းဆုံးနှစ် ဖြစ်ခဲ့ပါသည်။ ထို့အတူ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်သည် အထွက်နှုန်း (၆၇၀) ပေါင်သာ ရှိခဲ့သော်လည်း အစေးလှီး ဧရိယာမှာ ယခင်နှစ်များထက် များပြားသည့်အတွက် ရော်ဘာစေးထွက်ရှိမှုအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ထက် (၂.၈၇) ရာခိုင်နှုန်း မြင့်မားခဲ့ပါသည်။ (ပုံ-၉)

၁၇။ မြန်မာနိုင်ငံ၏ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု အများဆုံးဒေသများမှာ မွန်၊ တနင်္သာရီ၊ ကရင်၊ ရှမ်းနှင့် ပဲခူးတို့ဖြစ်ပါသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း မွန်ပြည်နယ်၌ ရော်ဘာစိုက်ဧရိယာဧက (၅.၀၅) သိန်း၊ အစေးလှီးဧရိယာဧက (၃.၄) သိန်းရှိပြီး ရော်ဘာစေး ထုတ်လုပ်မှုအနေဖြင့် စုစုပေါင်းပေါင်ချိန် (၂၅၁.၂၂) သန်းရှိခဲ့သဖြင့် မြန်မာ့ရော်ဘာ စိုက်ပျိုးထုတ်လုပ်မှုတွင် (၃၁) ရာခိုင်နှုန်းအထိ ပါဝင်နေပါသည်။ အဆိုပါနှစ်အတွင်း တနင်္သာရီတိုင်းဒေသကြီး၏ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုသည် မြန်မာ့ရော်ဘာ စိုက်ပျိုးထုတ်လုပ်မှု၏ (၂၁) ရာခိုင်နှုန်း၊ ကရင်ပြည်နယ်သည် (၁၇) ရာခိုင်နှုန်း၊ ရှမ်းပြည်နယ်သည် (၁၁) ရာခိုင်နှုန်းနှင့် ပဲခူးတိုင်းဒေသကြီးသည် (၇) ရာခိုင်နှုန်း အသီးသီးပါဝင်ခဲ့ပါသည်။ (ပုံ-၁၀)




ရင်းမြစ်။ (DALMS, MOALI)

**ပုံ (၁၀) ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဒေသအလိုက် ရော်ဘာ စိုက်ပျိုး ထုတ်လုပ်မှု အခြေအနေ**

၁၈။ ၂၀၂၃ ခုနှစ်အတွင်း မွန်ပြည်နယ်ရှိ ရော်ဘာစိုက် တောင်သူတစ်ဦး၏ ပျမ်းမျှ တစ်ကေကုန်ကျစရိတ်သည် (၄၅၁,၅၅၀) ကျပ်ရှိခဲ့ပြီး အထွက်နှုန်းသည် တစ်ကေလျှင် (၇၂၄.၈၅) ပေါင်ရှိခဲ့ပါသည်။ RSS-3 အဆင့်ရှိ မိုင်းခံရော်ဘာ ပြား တစ်ပေါင်လျှင် (၁,၅၇၀) ကျပ်နှုန်း ရရှိခဲ့သည့်အတွက် တောင်သူတစ်ဦး၏ ဝင်ငွေသည် တစ်ကေလျှင် (၁,၁၃၈,၀၁၅) ကျပ်ရှိခဲ့ပါသည်။ ထို့အတူ RSS-5 အဆင့်ရှိ မိုင်းခံရော်ဘာပြား တစ်ပေါင်လျှင် (၁,၄၇၀) ကျပ်နှုန်း ဈေးရရှိခဲ့သဖြင့် တောင်သူ တစ်ဦး၏ ဝင်ငွေသည် တစ်ကေလျှင် (၁,၁၃၈,၀၁၅) ကျပ်ရှိခဲ့ပါ သည်။ ထို့ကြောင့် တောင်သူတစ်ဦးသည် RSS-3 ရော်ဘာ အမျိုးအစားအဖြစ် ထုတ်လုပ်ရောင်းချမည်ဆိုပါက တစ်ကေ လျှင် ပျမ်းမျှအားဖြင့် (၂၈၇.၆၁) ပေါင်ထွက်ရှိပြီး တစ်ပေါင် လျှင် (၁,၅၇၀) ကျပ်နှုန်းရရှိမှသာ အရင်းကြေနိုင်မည် ဖြစ်သကဲ့သို့ တစ်ကေလျှင် (၇၂၄.၈၅) ပေါင်ထွက်ရှိပြီး တစ်ပေါင်လျှင် (၆၂၃) ကျပ်နှုန်းရရှိမှသာ အရင်းကြေနိုင်မည် ဖြစ်ပါသည်။ ထိုနည်းတူ RSS-5 အရည်အသွေးရှိသည့် ရော်ဘာအမျိုးအစားအဖြစ် ထုတ်လုပ်ရောင်းချပါက ပျမ်းမျှအားဖြင့် တစ်ကေလျှင် (၃၀၇.၁၈) ပေါင်ထွက်ရှိပြီး တစ်ပေါင်လျှင် (၁,၄၇၀) ကျပ်နှုန်းရရှိမှသာ အရင်းကြေနိုင်မည် ဖြစ်သကဲ့သို့ တစ်ကေလျှင် (၇၂၄.၈၅) ပေါင်ထွက်ရှိပြီး တစ်ပေါင်လျှင် (၆၂၃) ကျပ်နှုန်းရရှိမှသာ အရင်းကြေ နိုင်မည် ဖြစ်ပါသည်။ (ဇယား-၁)

**ဇယား (၁) ၂၀၂၃ ခုနှစ်အတွင်း RSS-3 နှင့် RSS-5 ရော်ဘာ အမျိုးအစားအတွက် ဒေသအလိုက် ရော်ဘာစိုက်တောင်သူများ၏ အရင်းကြေ ဈေးနှုန်းနှင့် အထွက်နှုန်းများ**

| ဒေသ | ကုန်ကျစရိတ် (ကျပ်/ကေ) | အထွက်နှုန်း (ပေါင်/ကေ) | တောင်သူရဈေး (ကျပ်/ပေါင်) | | ဝင်ငွေ (ကျပ်/ကေ) | | အမြတ်ငွေ (ကျပ်/ကေ) | | အရင်းကြေဈေးနှုန်း (ကျပ်/ပေါင်) | အရင်းကြေအထွက်နှုန်း (ပေါင်/ကေ) | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | RSS 3 | RSS 5 | RSS 3 | RSS 5 | RSS 3 | RSS 5 | RSS 3 & 5 | RSS 3 | RSS 5 |
| မွန် | ၄၅၁,၅၅၀ | ၇၂၄.၈၅ | ၁,၅၇၀ | ၁,၄၇၀ | ၁,၁၃၈,၀၁၅ | ၁,၀၆၅,၅၃၀ | ၆၈၆,၄၆၅ | ၆၁၃,၉၈၀ | ၆၂၃ | ၂၈၇.၆၁ | ၃၀၇.၁၈ |
| တနင်္သာရီ | ၇၉၅,၅၈၀ | ၈၁၃.၇၄ | ၁,၅၅၀ | ၁,၃၇၀ | ၁,၂၆၁,၂၉၇ | ၁,၁၁၄,၈၂၄ | ၄၆၅,၇၁၇ | ၃၁၉,၂၄၄ | ၉၇၈ | ၅၁၃.၂၈ | ၅၈၀.၇၂ |
| ကရင် | ၄၅၆,၃၀၀ | ၅၃၄.၈၀ | ၁,၅၀၀ | ၁,၄၂၀ | ၈၀၂,၂၀၀ | ၇၅၉,၄၁၆ | ၃၄၅,၉၀၀ | ၃၀၃,၁၁၆ | ၈၅၃ | ၃၀၄.၂၀ | ၃၂၁.၃၄ |

အရင်းအမြစ်။ Myantrade (MOC)

၁၉။ ထို့အတူ တနင်္သာရီတိုင်းဒေသကြီးရှိ ရော်ဘာစိုက်တောင်သူများသည် ပျမ်းမျှအားဖြင့် တစ်ကေလျှင် (၇၉၅,၅၈၀) ကျပ် နှုန်း ကုန်ကျပြီး အထွက်နှုန်းအားဖြင့် တစ်ကေလျှင် (၈၁၃.၇၄) ပေါင် ထွက်ရှိခဲ့ပါသည်။ တောင်သူရဈေးအနေဖြင့် RSS-3 ရော်ဘာ တစ်ပေါင်လျှင် (၁,၅၅၀) ကျပ်နှုန်းပြန်လည်ရရှိခဲ့သည့်အတွက် တစ်ကေဝင်ငွေသည် (၁,၂၆၁,၂၉၇) ကျပ် ရှိခဲ့ပါသည်။ ထို့ကြောင့် တောင်သူတစ်ဦးသည် ပျမ်းမျှအားဖြင့် တစ်ကေလျှင် RSS-3 ရော်ဘာ (၅၁၃.၂၈) ပေါင်နှုန်း ထွက်ရှိပြီး တစ်ပေါင်လျှင် (၁,၅၅၀) ကျပ်နှုန်း ရရှိပါက အရင်းကြေနိုင်မည် ဖြစ်သကဲ့သို့ တစ်ကေလျှင် (၈၁၃.၇၄) ပေါင်နှုန်း ထွက်ရှိပြီး တစ်ပေါင်လျှင် (၉၇၈) ကျပ် နှုန်း ရရှိပါက အရင်းကြေနိုင်မည် ဖြစ်ပါသည်။ ထိုနည်းတူ RSS-5 ရော်ဘာ တစ်ပေါင်လျှင် (၁,၃၇၀) ကျပ်နှုန်း ဈေးရရှိခဲ့သဖြင့် တောင်သူတစ်ဦး၏ ဝင်ငွေသည် တစ်ကေလျှင် (၁,၂၆၁,၂၉၇) ကျပ်ရှိခဲ့ပါသည်။ ထို့ကြောင့် တောင်သူတစ်ဦးသည် ပျမ်းမျှအား ဖြင့် တစ်ကေလျှင် RSS-3 ရော်ဘာ (၅၈၀.၇၂) ပေါင်နှုန်း ထွက်ရှိပြီး တစ်ပေါင်လျှင် (၁,၃၇၀) ကျပ်နှုန်း ရရှိပါက အရင်းကြေ

နိုင်မည် ဖြစ်သကဲ့သို့ တစ်ဧကလျှင် (၈၁၃.၇၄) ပေါင်နှုန်း ထွက်ရှိပြီး တစ်ပေါင်လျှင် (၉၇၈) ကျပ်နှုန်းရရှိပါက အရင်းကြေနိုင်မည် ဖြစ်ပါသည်။ (ဇယား-၁)

၂၀။ မွန်ပြည်နယ်အတွင်း RSS-3 အဆင့်ရှိ မှိုင်းခံရော်ဘာပြား ထုတ်လုပ်ခြင်းအတွက် တောင်သူများသည် ပျမ်းမျှအားဖြင့် တစ်ဧကလျှင် (၆၈၆,၄၆၅) ကျပ်နှုန်း ရရှိခဲ့သည့်အတွက် အသားတင်အမြတ်ရရှိမှု အများဆုံးဖြစ်ခဲ့ပြီး ကရင်ပြည်နယ်တွင်မူ ရော်ဘာတစ်ပေါင်လျှင် (၁,၅၀၀) ကျပ်နှုန်း ရရှိခဲ့သော်လည်း တစ်ဧကလျှင် (၅၃၄.၈) ပေါင်သာ ထွက်ရှိခဲ့သည့်အတွက် အမြတ် ရရှိမှုတွင် (၃၄၅,၉၀၀) ကျပ်နှုန်းဖြင့် အနည်းဆုံး ဖြစ်ခဲ့ပါသည်။ ထို့အတူ RSS-5 အဆင့်ရှိ မှိုင်းခံရော်ဘာပြား ထုတ်လုပ်ခြင်း အတွက် မွန်ပြည်နယ်တွင် တောင်သူတစ်ဦးသည် တစ်ဧကလျှင် (၆၁၃,၉၈၀) ကျပ်နှုန်း ရရှိခဲ့သဖြင့် အသားတင်အမြတ်ရရှိမှု အများဆုံး ဖြစ်ခဲ့ပါသည်။ ကရင်ပြည်နယ်သည် တစ်ဧကအမြတ်အနေဖြင့် (၃၀၃,၁၁၆) ကျပ်နှုန်းသာ ရရှိခဲ့သည့်အတွက် အမြတ် ရရှိမှု အနည်းဆုံးဖြစ်ခဲ့သော်လည်း တောင်သူရဈေးတွင် တစ်ပေါင်လျှင် (၁,၄၂၀) ကျပ်အထိ ရရှိခဲ့ပါသည်။ ထို့အပြင် ရော်ဘာ တစ်ဧက စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်သည် တနင်္သာရီတိုင်းဒေသကြီးတွင် အမြင့်ဆုံးဖြစ်ပြီး မွန်ပြည်နယ်တွင် အနိမ့်ဆုံး ဖြစ်ခဲ့ပါသည်။ ရော်ဘာစေးထွက်ရှိမှုအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးတွင် အများဆုံးဖြစ်ပြီး တစ်ဧကလျှင် (၈၁၃.၇၄) ပေါင် အထိ ထွက်ရှိခဲ့ကာ ကရင်ပြည်နယ်တွင်မူ တစ်ဧကလျှင် (၅၃၄.၈၀) ပေါင်သာ ထွက်ရှိခဲ့သည့်အတွက် ရော်ဘာစေး ထွက်ရှိမှု အနည်းဆုံး ဖြစ်ခဲ့ပါသည်။ RSS-3 နှင့် RSS-5 အဆင့်ရှိ ရော်ဘာ မှိုင်းခံပြားများ ထုတ်လုပ်ခြင်းတွင် RSS-3 ရော်ဘာပြားများ ထုတ်လုပ်ခြင်းသည် အသားတင်အမြတ် ပိုမိုရရှိပြီး အမြတ်ရရှိမှု ကွာဟချက်အနေဖြင့် မွန်ပြည်နယ်တွင် (၇၂,၄၈၅) ကျပ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် (၁၄၆,၄၇၃) ကျပ်နှင့် ကရင်ပြည်နယ်တွင် (၄၂,၇၈၄) ကျပ် အသီးသီး ရှိခဲ့ပါသည်။ (ဇယား-၁)

၂၁။ မြန်မာနိုင်ငံသည် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု မြင့်မားသော်လည်း ပြည်တွင်းသုံးစွဲနိုင်မှုမှာ (၈) ရာခိုင်နှုန်းခန့်သာ ရှိပြီး ပြည်ပကိုသာ အဓိကတင်ပို့နေကြသဖြင့် ပြည်ပဈေးကွက်သည် ရော်ဘာစိုက်တောင်သူများအတွက် အဓိက အားထားရာ ဖြစ်ပါသည်။ တာယာစက်ရုံများ၊ ကျွတ်စက်ရုံများတွင် ပြည်တွင်းရော်ဘာကုန်ကြမ်းများကို အသုံးပြု၍ ထုတ်လုပ်ကြပြီး ရော်ဘာ ပင်အိုကုန်ကြမ်းများကိုမူ သစ်စက်ရုံများ၊ လွှစာမှုန့်ထုတ်လုပ်ခြင်းများစသည်တို့တွင် အများဆုံး အသုံးပြုကြပါသည်။ မြန်မာ နိုင်ငံတွင် သက်တမ်းရင့်ပြီး အစေးထွက်နှုန်း ကျဆင်းလာသည့် ရော်ဘာပင်အိုများကို ခုတ်လှဲပြီး ပျိုးပင်သစ်များဖြင့် အစားထိုး ကာ စိုက်ပျိုးလေ့ရှိကြပါသည်။ ၎င်းခုတ်လှဲထားသော ပင်အိုများကို သစ်ပါးလွှာများ ထုတ်ယူခြင်း၊ သစ်ခွဲသား အမျိုးမျိုး ထုတ်လုပ် ခြင်း၊ သစ်သားချပ်ပြားများ ထုတ်လုပ်ခြင်းစသည့် လုပ်ငန်းများတွင် အသုံးပြုပြီး စနစ်တကျထုတ်လုပ်၍ ရရှိလာသည့် တန်ဖိုး မြင့်ကုန်ချောများကို ပြည်ပသို့ တင်ပို့ကြပါသည်။ အဆိုပါသစ်ကုန်ချောများ ထုတ်လုပ်သည့်လုပ်ငန်းတွင် စွန့်ပစ်ပစ္စည်းအဖြစ် ထွက်ရှိလာသော လွှစာမှုန့်များကို သန့်ရှင်းသောလောင်စာများ၊ လောင်စာတောင့်များ ထုတ်လုပ်ခြင်းဖြင့် ပြန်လည်အသုံးချ နိုင်ပြီး ၎င်းတို့ကို ထင်းနှင့် မီးသွေးများအစား အသုံးပြုနိုင်သည့်အတွက် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကိုလည်း လျှော့ချပေး နိုင်ပါသည်။ ထို့အပြင် ထွက်ရှိလာသော သစ်တိုသစ်စများကိုလည်း Biomass စက်ရုံများတွင် ပြန်လည်အသုံးပြုနိုင်သည့် အတွက် လျှပ်စစ်စွမ်းအင်ကို ချွေတာပေးနိုင်ပါသည်။

## ( ၈ ) မြန်မာ့ရော်ဘာ ဈေးနှုန်းများနှင့် ပြည်တွင်းဈေးကွက်

၂၂။ ၂၀၂၃ ခုနှစ်အတွင်း ရော်ဘာဈေးနှုန်းများသည် ဇွန်လမှ စတင်၍ တဖြည်းဖြည်း မြင့်တက်လာခဲ့ရာမှ စက်တင်ဘာလ တွင် ဈေးအမြင့်ဆုံး ရရှိခဲ့ပြီးနောက် အနည်းငယ်စီ ပြန်လည်ကျဆင်းသွားခဲ့သော်လည်း ၂၀၂၃ ခုနှစ် အစောပိုင်းကာလများထက် ဈေးနှုန်းမြင့်မားဆဲ ဖြစ်ပါသည်။ အဆိုပါနှစ်အတွင်း စက်တင်ဘာလသည် ဈေးရရှိမှုအမြင့်ဆုံးဖြစ်ခဲ့ပြီး RSS-3 အမျိုးအစား ရော်ဘာတစ်တန်လျှင် ကျပ် (၃.၇၄) သန်း၊ RSS-5 အမျိုးအစား ရော်ဘာတစ်တန်လျှင် ကျပ် (၃.၅၂) သန်းအထိ အသီးသီး

ဈေးရရှိခဲ့ပါသည်။ ရော်ဘာအမျိုးအစား နှစ်မျိုးစလုံးအတွက် ဇန်နဝါရီလသည် ဈေးရရှိမှု အနိမ့်ဆုံးဖြစ်ခဲ့ပြီး RSS-3 အမျိုးအစား ရော်ဘာတစ်တန်လျှင် ကျပ် (၂.၈၄) သန်း၊ RSS-5 အမျိုးအစား ရော်ဘာတစ်တန်လျှင် ကျပ် (၂.၆၂) သန်းခန့်သာ ဈေးရရှိခဲ့ပါသည်။ (ပုံ-၉)




ရင်းမြစ်။ (Myantrade, MOC)

ပုံ (၉) ၂၀၂၃ ခုနှစ်အတွင်း လအလိုက် ပြည်တွင်း ရော်ဘာဈေးနှုန်းများ (မော်လမြိုင်)

၂၃။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ရော်ဘာ FOB ဈေးနှုန်းများအရ RSS-1 အဆင့်ရှိ မိုင်းခံရော်ဘာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၁,၅၀၀) အထိ ဈေးအမြင့်ဆုံး ရရှိထားပြီး RSS-1 အဆင့်ရှိ မိုင်းခံရော်ဘာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၁,၄၅၀) အထိ ဈေးအမြင့်ဆုံး ရရှိခဲ့ပါသည်။ အမျိုးအစားအလိုက် FOB ဈေးနှုန်းများမှာ ကွာခြားမှုရှိနေသော်လည်း




ရင်းမြစ်။ (Myantrade, MOC)

ပုံ (၁၀) ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံ၏ ပျမ်းမျှ ရော်ဘာ FOB ဈေးနှုန်းများ

ဈေးနှုန်းများထက် သိသာစွာ တန်ဖိုးနိမ့်ကျနေပြီး ဧပြီလတွင် ထိုင်းနိုင်ငံထက် ရော်ဘာတစ်တန်လျှင် အမေရိကန်ဒေါ်လာ (၅၇၂) လျော့ကျနေပြီး၊ မေလတွင် အမေရိကန်ဒေါ်လာ (၅၁၉)၊ ဇွန်လတွင် အမေရိကန်ဒေါ်လာ (၄၄၆) အသီးသီး လျော့ကျခဲ့ပါသည်။ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံ၏ ဈေးနှုန်းကွာဟချက်သည် တဖြည်းဖြည်း လျော့နည်းလာခဲ့ပြီး စက်တင်ဘာလတွင် အမေရိကန်ဒေါ်လာ (၂၄၀) သာ လျော့နည်းခဲ့သည့်အတွက် ကွာဟချက် အနည်းဆုံး ဖြစ်ခဲ့ပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ထိုင်းနိုင်ငံ၏ RSS-3 ရော်ဘာ FOB ဈေးနှုန်းများသည် အမြင့်ဆုံးအနေဖြင့် မေလတွင် တစ်တန်လျှင် အမေရိကန်

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် ရော်ဘာဈေးနှုန်းများမှာ အမြင့်ဆုံးအထိ ရောက်ရှိခဲ့ကြောင်း တွေ့ရှိရပါသည်။ ဒီဇင်ဘာလအတွင်း MSR-10 နှင့် MSR-20 တို့မှလွဲ၍ အခြားရော်ဘာဈေးနှုန်းများမှာ အနည်းငယ် ပြန်လည်ကျဆင်းခဲ့ပြီး MSR-10 သည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၁,၄၀၀) နှုန်း၊ MSR-20 သည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၁,၃၅၀) နှုန်းဖြင့် ယခင်လထက် ရော်ဘာတစ်တန်လျှင် အမေရိကန်ဒေါ်လာ (၅၀) နှုန်း အသီးသီး မြင့်တက်ခဲ့ပါသည်။ (ပုံ-၁၀)

၂၄။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အစပိုင်းတွင် မြန်မာနိုင်ငံ၏ RSS-3 ရော်ဘာဈေးနှုန်းများသည် ထိုင်းနိုင်ငံ၏ RSS-3 ရော်ဘာ




ရင်းမြစ်။ (Myantrade)

ပုံ (၁၁) ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း မြန်မာနှင့် ထိုင်းနိုင်ငံတို့၏ RSS-3 ရော်ဘာ FOB ဈေးနှုန်းများ နှိုင်းယှဉ်ချက်

ဒေါ်လာ (၁,၇၆၉) ရရှိခဲ့သော်လည်း အဆိုပါလတွင် မြန်မာနိုင်ငံသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၁,၂၅၀) သာ ရရှိခဲ့သည့်အတွက် ထိုင်းနိုင်ငံထက် အမေရိကန်ဒေါ်လာ (၅၁၉) လျော့နည်းခဲ့ပါသည်။ (ပုံ-၁၁)

## (ဆ) မြန်မာ့ရော်ဘာ တင်ပို့၊ တင်သွင်းမှု




ရင်းမြစ်။ (DOT, MOC)

**ပုံ (၁၂) ဘဏ္ဍာနှစ်အလိုက် မြန်မာနိုင်ငံ၏ ရော်ဘာ တင်ပို့မှု အခြေအနေ**

၂၅။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံ၏ ရော်ဘာတင်ပို့မှုကို နှိုင်းယှဉ်ကြည့်ပါက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်သည် ရော်ဘာတင်ပို့မှု အများဆုံးနှစ် ဖြစ်ခဲ့ပြီး မက်ထရစ်တန်ချိန် (၀.၃၂) သန်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၄၅၈.၅၈) သန်း တင်ပို့နိုင်ခဲ့ပါသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်သည် ရော်ဘာတင်ပို့မှု အနည်းဆုံးနှစ်ဖြစ်ခဲ့ပြီး တင်ပို့မှုပမာဏ မက်ထရစ်တန်ချိန် (၀.၁၈) သန်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၂၃၈.၄၉) သန်းသာ တင်ပို့နိုင်ခဲ့ပါသည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အကြီးမားဆုံး ရော်ဘာဈေးကွက်ဖြစ်ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် (၇၀) ရာခိုင်နှုန်းအထိ တင်ပို့နိုင်ခဲ့ပါသည်။ (ပုံ-၁၂)

၂၆။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံမှ ရော်ဘာတင်ပို့မှု စုစုပေါင်းသည် ပမာဏအားဖြင့် မက်ထရစ်တန်ချိန် (၀.၂၄) သန်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၃၂၂.၁၉) သန်း ရှိခဲ့သည့်အနက် ပင်လယ်ရေကြောင်းမှ တင်ပို့မှုသည် ရာခိုင်နှုန်းအားဖြင့် (၆၈) ရာခိုင်နှုန်းအထိ ရှိခဲ့ပြီး အဓိက တင်ပို့ခဲ့သည့် နိုင်ငံများမှာ တရုတ်၊ မလေးရှားနှင့် အိန္ဒိယနိုင်ငံတို့ ဖြစ်ကြပါသည်။ အခြားတင်ပို့ခဲ့သည့်နိုင်ငံများမှာ ဂျပန်၊ တောင်ကိုရီးယား၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ကနေဒါ၊ ဗီယက်နမ်၊ ထိုင်ဝမ်၊ အီရန်၊ သီရိလင်္ကာနှင့် ယူအေအီးနိုင်ငံတို့ ဖြစ်ကြပြီး အဆိုပါနိုင်ငံများ၏ တင်ပို့မှုသည် စုစုပေါင်းတင်ပို့မှု၏ (၅.၃၄) ရာခိုင်နှုန်းခန့်သာ ရှိခဲ့ပါသည်။ နယ်စပ်မှ ရော်ဘာတင်ပို့မှုသည် စုစုပေါင်းတင်ပို့မှု၏ (၃၂) ရာခိုင်နှုန်းခန့်ရှိနေပြီး တရုတ်နှင့် ထိုင်းနယ်စပ်တို့မှ တင်ပို့ခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါနှစ်အတွင်း နယ်စပ်မှ ရော်ဘာ တင်ပို့မှုပမာဏသည် မက်ထရစ်တန်ချိန် (၇၇,၃၄၂.၀၇) ရှိခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၉၈.၇) သန်းခန့် ရှိခဲ့ပါသည်။ (ပုံ-၁၂)




ရင်းမြစ်။ (DOT, MOC)

ပုံ (၁၂) ၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ်အတွင်း မြန်မာ့ရော်ဘာ တင်ပို့မှု အခြေအနေ

## (၉) သုံးသပ်တင်ပြချက်

### အပေါင်းလက္ခဏာဆောင်သောအချက်များ (Positive)

အတွင်းမှ လွှမ်းမိုးသောသည့် အချက်များ (Internal Factors)

#### အားသာချက် (Strength)

- ရော်ဘာနှင့်သင့်တော်သော ရာသီဥတုနှင့် လူသားအရင်းအမြစ်များရှိခြင်း၊
- အရည်အသွေးကောင်းသည့် ဒေသအလိုက် ထောက်ခံထားသော ရော်ဘာမျိုးများ လက်ဝယ်ရှိပြီး ရော်ဘာစိုက်ပျိုးရန် မြေလွတ်မြေရိုင်းများစွာ ကျန်ရှိနေသေးခြင်း၊
- အထွက်ကောင်းမျိုးများတင်သွင်းပြီး ဒေသနှင့်ကိုက်ညီမှု ရှိမရှိ စမ်းသပ်ထားရှိခြင်း၊
- နှစ်ရှည်ပင်သုသေတနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနရှိခြင်း၊
- ရော်ဘာအရည်အသွေးစစ်ဆေးခြင်းနှင့် တန်ဖိုးမြှင့်ရော်ဘာထုတ်လုပ်သည့် လုပ်ငန်းရှင်များအား နည်းပညာပေး ဆောင်ရွက်နိုင်ခြင်း၊
- စိုက်ပျိုးရေးဦးစီးဌာနနှင့် National Skills Standards Authority (NSSA) တို့ပူးပေါင်း၍ အစေးခြစ် အလုပ်အကိုင် ကျွမ်းကျင်သင်တန်းများ ဖွင့်လှစ်ထားခြင်း၊
- ပြည်တွင်း၌ ရော်ဘာလုံလောက်စွာ ထုတ်လုပ်နိုင်ခြင်းကြောင့် ကုန်ကြမ်းအပါအဝင်၊ ရော်ဘာဆက်စပ်ပစ္စည်းများ၊ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်နိုင်ခြင်းနှင့် ကြီးမားသောဈေးကွက်ရှိသည့် အိမ်နီးချင်းနိုင်ငံများရှိခြင်း၊
- တန်ဖိုးမြှင့်ရော်ဘာထုတ်ကုန်များ၏ အရည်အသွေးကို ကဏ္ဍအလိုက် စံချိန်စံညွှန်းများ သတ်မှတ်ဆောင်ရွက်နိုင်ခြင်း၊
- International Rubber Research and Development Board (IRRDP) နှင့် Association of natural rubber Producing countries (ANRPC) အဖွဲ့ဝင်နိုင်ငံဖြစ်ခြင်းကြောင့် နည်းပညာနှင့် ဈေးကွက်အခြေအနေများ အလွယ်တကူ သိရှိနိုင်ခြင်း၊

ပြင်ပမှ လွှမ်းမိုးသောသည့် အချက်များ (External Factors)

#### အခွင့်အလမ်း (Opportunity)

- ရော်ဘာသီးနှံနှင့် ဝင်ငွေရလွယ်သည့် ရာသီသီးနှံများ၊ မွေးမြူရေးလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်နိုင်ခြင်း၊
- လုပ်ကွက်ငယ်တောင်သူများ ဝင်ငွေတိုးလာပြီး ဒေသခံများအား အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊
- ပင်အိုခုတ်လှဲပြီး အစားထိုးစိုက်ပျိုးရန် မျိုးကောင်းမျိုးသန့်များ လွယ်ကူစွာ ရရှိနိုင်ခြင်းနှင့် ပင်အိုများကို သစ်အဖြစ် ထုတ်လုပ်လာနိုင်ခြင်း၊
- ရေရှည်တည်တံ့သော သဘာဝရော်ဘာ ထုတ်လုပ်သည့် နိုင်ငံဖြစ်လာနိုင်ခြင်းနှင့် Sustainable Natural Rubber (SNR) ထုတ်လုပ်တင်ပို့သည့် နိုင်ငံဖြစ်ရန် အခြေအနေကောင်းများရှိခြင်း၊
- နိုင်ငံ့စီးပွားမြှင့်တင်ရေးအစီအစဉ်တွင် ပါဝင်နိုင်ရန် အခွင့်အလမ်းရှိခြင်း၊
- Rubber Central Market များ ပေါ်ပေါက်လာနိုင်ခြင်း၊
- ISO လက်မှတ်ရလုပ်ငန်း/စက်ရုံများ ပေါ်များလာခြင်း၊
- ပြည်တွင်း CMP (Cutting-Making-Packaging) စနစ် ဖိနပ်စက်ရုံများအတွက် ရော်ဘာအခြေခံထုတ်ကုန်များ ထုတ်လုပ်လာနိုင်ခြင်း၊
- ပို့ကုန်မှ နိုင်ငံခြားဝင်ငွေရရှိနိုင်ခြင်းနှင့် သွင်းကုန်အစားထိုး ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ခြင်း၊
- မြန်မာနိုင်ငံမှ ထုတ်လုပ်သော အရည်အသွေးမြင့် ရော်ဘာများအား ကမ္ဘာ့တာယာ စက်ရုံကြီးများသို့ ချိတ်ဆက်တင်ပို့ နိုင်ခြင်း၊
- နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများထံမှ အခွန်ငွေနှင့် ဖက်စပ်အကျိုးအမြတ်အပြင် နည်းပညာများကိုပါရရှိနိုင်ခြင်း၊

## အနှုတ်လက္ခဏာဆောင်သောအချက်များ (Negative)

### အားနည်းချက် (Weakness)

- ရော်ဘာကုန်ချောပစ္စည်းထုတ်လုပ်ရာတွင် လျှပ်စစ်စွမ်းအင် လုံလောက်မှုမရှိခြင်း၊
- ရော်ဘာမျိုးခွဲပညာရှင်များ၊ တိုးချဲ့ပညာပေးရေးဝန်ထမ်းများနှင့် အစေးလှီးကျွမ်းကျင်လုပ်သားများ အလုံအလောက်မရှိခြင်း၊
- တောင်သူများမှ နည်းပညာပေးဝန်ထမ်းများနှင့် ချိတ်ဆက်မှု အားနည်းခြင်း၊
- တောင်သူအစုအဖွဲ့များဖြင့် ရော်ဘာပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းများ အားနည်းခြင်း၊
- ရော်ဘာစိုက် လုပ်ကွက်ငယ်တောင်သူများအတွက် ချေးငွေနှင့် အခြားအထောက်အပံ့များရရှိမှု နည်းပါးခြင်း၊
- ရော်ဘာထုတ်ကုန်များ အရည်အသွေးထိန်းချုပ်စစ်ဆေးသော ဓာတ်ခွဲခန်းများ နည်းပါးခြင်းနှင့် သုတေသနလုပ်ငန်းများ အားနည်းခြင်း၊
- အချို့တောင်သူများမှ ခုတ်လှဲခွင့် အတောင်းခံဘဲ သက်တမ်းမပြည့်မီ ခုတ်လှဲခြင်းနှင့် ခွင့်ပြုချက်ဖြင့် ခုတ်လှဲသော်လည်း မျိုးကောင်းမျိုးသန့်အပင်များ အစားထိုး ခြင်းမရှိဘဲ အခြားနည်းဖြင့် အသုံးပြုခြင်း၊
- ရော်ဘာအဓိကထုတ်လုပ်သောနိုင်ငံများကဲ့သို့ ရော်ဘာ Board အဖွဲ့နှင့် Council များဖွဲ့စည်းထားမှုမရှိခြင်း၊
- ပြည်တွင်းရော်ဘာ ပေါက်ဈေးသည် နိုင်ငံတကာပေါက်ဈေးထက်အလွန်နိမ့်ခြင်း၊
- ရော်ဘာသစ်များသယ်ယူရာတွင် သက်ဆိုင်ရာဌာနများမှ ထောက်ခံစာရယူရန် ခက်ခဲခြင်း၊
- ရော်ဘာတန်ဖိုးမြှင့်ထုတ်ကုန်ပြုလုပ်နိုင်သည့် စက်ရုံများ နည်းပါးခြင်း၊
- ပြည်ပထုတ်ကုန်များနှင့် ယှဉ်ပြိုင်ထုတ်လုပ်ရန် နည်းပညာနှင့် အရည်အသွေး လိုအပ်ချက် ရှိနေခြင်းကြောင့် အိမ်နီးချင်းနိုင်ငံများထက် ဈေးနှုန်းရရှိမှု နိမ့်ကျခြင်း၊
- နည်းပညာ လက်ခံကျင့်သုံးမှုအားနည်းခြင်းနှင့် ခိုင်မာသော ဥပဒေပြဋ္ဌာန်းမှုမရှိခြင်း၊

### ခြိမ်းခြောက်မှု (Threat)

- သွင်းအားစုဈေးနှုန်းများ မတည်ငြိမ်ခြင်း၊
- သယ်ယူပို့ဆောင်စရိတ်များ ကြီးမြင့်ခြင်း၊
- အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးမှု အားနည်းခြင်း၊
- ရော်ဘာအရည်အသွေးနှင့် အထွက်နှုန်းနိမ့်ကျခြင်း၊
- လုပ်ကွက်ငယ်တောင်သူများအတွက် ဈေးကွက်မခိုင်မာခြင်း၊
- လုပ်ခလျော့နည်းခြင်းကြောင့် ရွှေ့ပြောင်းလုပ်သားပြဿနာများ ဖြစ်ပေါ်ခြင်း၊
- အသင်းအဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက်မှုအားနည်းသည့်အတွက် လုပ်ကွက်ငယ်တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်နိုင်စွမ်းအားနည်းပါးလာခြင်းနှင့် လစ်လျူရှုခံရခြင်း၊
- အရည်အသွေးသတ်မှတ်ချက်အလိုက် ဈေးနှုန်းသတ်မှတ်ဝယ်ယူသည့် စနစ်မရှိခြင်း၊
- အာဖရိကနိုင်ငံများမှ ထုတ်လုပ်သော ရော်ဘာများ အာရှဈေးကွက်သို့ ထိုးဖောက် ဝင်ရောက်လာသဖြင့် ဈေးကွက် စိန်ခေါ်မှုရှိလာခြင်း၊
- တရုတ်နိုင်ငံမှ တန်ဖိုးနိမ့်ရော်ဘာထွက်ပစ္စည်းများ အလွယ်တကူဝင်ရောက်နေခြင်း၊
- တရားမဝင်ကုန်စည်ကူးသန်းရောင်းဝယ်မှုများရှိခြင်း၊
- ငွေကြေးမူဝါဒအပြောင်းအလဲရှိခြင်း၊


ရော်ဘာပျိုးပင်
ရော်ဘာအစေးလှီးခြင်း
ရော်ဘာစေးစုဆောင်းခြင်း
Field Latex
ခွက်ကပ်ရော်ဘာ
မှိုင်းခံမထားသည့်ရော်ဘာ
ရော်ဘာပင်အိုများ
ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုမှ ကုန်ချောရရှိသည်အထိ တန်ဖိုးကွင်းဆက်များ
TSR ရော်ဘာတုံးများ
လောင်စာတောင့်များ
RSS မှိုင်းခံရော်ဘာ
မှိုင်းခံထားသည့်ရော်ဘာ
ရော်ဘာသစ်ကုန်ချောများ
တာယာများ
ကျွတ်များ
ရော်ဘာဖိနပ်များ
လက်အိတ်များ
ဖိနပ်အောက်ခံပြားများ
ရော်ဘာကြိုးများ

## (ဈ) မူဝါဒဆိုင်ရာ အကြံပြုချက်များ

၂၇။ ရော်ဘာ စိုက်ပျိုးထုတ်လုပ်မှု ရေရှည်တည်တံ့ပြီး တောင်သူများ ဝင်ငွေတိုးပွားစေရန်၊ ရော်ဘာကို အခြေခံသည့် ကုန်ပစ္စည်းများမှတစ်ဆင့် ပြည်ပဝင်ငွေရရှိမှု ပိုမိုမြင့်မားလာစေရန်၊ ရော်ဘာ စိုက်ပျိုးထုတ်လုပ်မှု တန်ဖိုးကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံ၏စီးပွားရေးကို အထောက်အပံ့ပေးနိုင်စေရန်၊ ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် အောက်ဖော်ပြပါ အချက်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်–

(က) ရော်ဘာစိုက်ပျိုးခြင်းလုပ်ငန်းများတွင် ဒေသအလိုက်အထွက်နှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်များကို သုတေသနပြုစမ်းသပ်ထုတ်ဝေပြီး တောင်သူများအား ဖြန့်ဝေပေးခြင်း၊

(ခ) အသိပညာပေးလုပ်ငန်းများ၊ ချေးငွေများ၊ နည်းပညာများ၊ သွင်းအားစုများ၊ စက်ပစ္စည်းများနှင့် အခြေခံအဆောက်အအုံများ စသည်တို့ကို ထောက်ပံ့ပေးခြင်း၊

(ဂ) မလေးရှားနှင့် ထိုင်းနိုင်ငံတို့တွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သော ရော်ဘာစိုက်ပျိုးရေးရန်ပုံငွေ (Rubber Planting Aid Fund) စနစ် ထူထောင်ကာ စိုက်ပျိုးစရိတ်များ ပံ့ပိုးကူညီပေးခြင်း၊

(ဃ) ရော်ဘာမျိုးခွဲကျွမ်းကျင်ပညာရှင်များနှင့် အစေးခြစ်ကျွမ်းကျင်လုပ်သားများ ပိုမိုမွေးထုတ်နိုင်စေရန် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊

(င) ပြည်တွင်း၊ ပြည်ပရော်ဘာဈေးနှုန်းများ၏ နောက်ဆုံးရသတင်းအချက်အလက်များအား အပတ်စဉ်/လစဉ် ထုတ်ပြန်ကြေညာပေးခြင်း၊

(စ) မြန်မာ့ရော်ဘာကို ကမ္ဘာ့ဈေးကွက်အတွင်း တန်ဖိုး ပိုမိုမြင့်မားလာစေရန် အရည်အသွေးပိုင်းဆိုင်ရာ ပြဿနာများကို ကူညီဖြေရှင်းပေးပြီး အရည်အသွေးမြှင့်တင်ပေးခြင်း၊

(ဆ) အရည်အသွေးအာမခံချက်ရှိသော ရော်ဘာထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သော ကုန်ကြမ်းများ လုံလောက်စွာ ရရှိစေနိုင်ရန် တောင်သူများ စုပေါင်းရောင်းချသည့်စနစ်ကို ရော်ဘာစိုက်ပျိုးသည့် ဒေသအားလုံးတွင် ထူထောင်ပေးခြင်းနှင့် Central Rubber Market (CRM) ရော်ဘာအရောင်းအဝယ် ကုန်စည်ဒိုင် ပေါ်ပေါက်လာရေး ဆောင်ရွက်ပေးခြင်း၊

(ဇ) SNR (sustainable natural rubber) နှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များကို ရေရှည်စီမံချက်ချမှတ်၍ ဆောင်ရွက်ခြင်းနှင့် အရည်အသွေးနှင့်ဈေးနှုန်း ထိန်းကျောင်းပေးနိုင်မည့် အဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်ပေးခြင်း၊

(ဈ) တောင်သူများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအကြား ကြုံတွေ့ရသော ပြဿနာများအပေါ် ကူညီဖြေရှင်း၍ ရော်ဘာနှင့်ပတ်သက်သည့် အကြံပြုချက်များ၊ ခိုင်မာသောဈေးကွက်များနှင့်ချိတ်ဆက်ပေးခြင်း၊

(ည) တာယာတန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်သည့် ကုမ္ပဏီများသို့ တိုက်ရိုက်တင်ပို့ရောင်းချနိုင်ရန် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းနှင့် ရော်ဘာပင်အိုများမှတစ်ဆင့် ထုတ်လုပ်သည့်သစ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး အားပေးမြှင့်တင်ခြင်း၊

(ဋ) အသင်းအဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက်၍ လုပ်ကွက်ငယ်တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု တည်တံ့နိုင်စေရန် ထောက်ခံအားပေးခြင်းနှင့် ရော်ဘာဘုတ်အဖွဲ့များ ပေါ်ထွန်းလာရေး စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဌ) ရော်ဘာလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိနိုင်ရန်အတွက် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခြင်းနှင့် ရော်ဘာဥပဒေတစ်ရပ် ပေါ်ထွက်နိုင်ရေး ရေရှည်စီမံချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ဍ) ရော်ဘာလုပ်ငန်းတန်ဖိုးကွင်းဆက်တစ်လျှောက် ပါဝင်သောလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရော်ဘာ စီးပွားရေးမူဝါဒနှင့် ဗျူဟာများ ချမှတ်နိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊

## ကိုးကားချက်များ


စီမံကိန်းနှင့်ဦးစီးဌာန (DOP)၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စိုက်ပျိုးရေးဦးစီးဌာန (DOA)၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (DALMS)၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကုန်သွယ်ရေးဦးစီးဌာန (DOT)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (Myantrade)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း၊ မန္တလေး

မြန်မာနိုင်ငံကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သီးနှံ စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း

Association of natural rubber Producing countries (ANRPC)

FAOstat

Statista

World Integrated Trade Solution (WITS–World Bank)


**Agribusiness Bulletin များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ တရားဝင်ဝက်ဆိုဒ်ဖြစ်သော www.moali.gov.mm တွင် အခမဲ့ Download ရယူဖတ်ရှုနိုင်ပါသည်။**